သာမန်ကာလ (၂၇)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၇း၅-၁၀

တပည့်တော်ကြီးတွေက ယေရှုဘုရားရှင်နဲ့အတူ နေကြလို့ ယေရှုဘုရားရှင် ဘယ်လောက် ယုံကြည်ခြင်းကြီးတယ်ဆိုတာ ကိုယ်တိုင်သိကြပါတယ်။ ဒါကြောင့် သူတို့လည်း ယေရှုဘုရားရှင်လို ယုံကြည်ခြင်း ကြီးချင်တဲ့အတွက် "တပည့်တော်တို့၏ယုံကြည်ခြင်းကို တိုးပွါးစေတော်မူပါ" လို့ လျှောက်ကြပါတယ်။ လူတွေက ယုံကြည်ခြင်း ရော့လာကြတယ်၊ ယုံကြည်ခြင်း ပျက်လာကြတာကို တွေ့ရမှာပါ။ တစ်ချို့ဆိုရင် သူတို့ ဆုတောင်းတာကို ဘုရားက မပေးလို့ ဆိုပြီး ဘုရားကို မယုံကြည်ကြတော့ဘူး။ တစ်ချို့ကလည်း "ဘုရားကို လုံးဝအားမကိုး၊ လုံးဝမယုံတော့ပဲ ကိုယ့်ဘဝတစ်လျှောက်လုံး ဘုရားကို ဘေးချိတ်ထားတော့တယ်။ "ငါ့ဟာငါ လုပ်မယ်၊ ငါဟာငါ ဖြေရှင်းနိုင်တယ်" လို့ပဲ သဘောထားတော့တယ်။ ဘုရားကို မယုံတော့ဘူး။

ဒီလို အခြေအနေတွေဆိုရင် ငါတို့ ဘာလုပ်ကြမလဲ ၊ အဖြေကတော့ "ငါတို့ ဆက်ယုံကြည်ကြရမယ်။" တပည့်တော်ကြီးတွေလို "တပည့်တော်တို့၏ယုံကြည်ခြင်းကို တိုးပွါးစေတော်မူပါ" လို့ပဲ ဆုတောင်းရမှာပဲ။ ယုံကြည်ခြင်း ကြီးမှကို ဖြစ်မှာမို့လို့ပါ။ ဘာ့လို့ ဘုရားကို ယုံကြည်ရမှာလဲဆိုတော့ ဘုရား ရှိတယ်၊ အဲဒီဘုရားက လူ့ထက် သာတယ်/ လူ့ထက် တတ်နိုင်တယ်။ ယေရှုဘုရားရှင်မိန့်တော်မူတာက "သင်တို့၌ မုန်ညင်းစေ့မျှလောက် ယုံကြည်ခြင်းရှိပါက ဤပိုးစာပင်အား အမြစ်ပါနှုတ်၍ ပင်လယ်ထဲတွင် ပေါက်နေလောဟုဆိုလျှင် ၎င်းသည် သင်တို့၏စကားကို နာခံလိမ့်မည်" တဲ့။ ယုံကြည်ရင် မဖြစ်နိုင်တာတွေလည်း ဖြစ်နိုင်လိမ့်မယ်။ ဒါ ဘာကိုဆိုလိုတာလဲ ၊ ယေရှုဘုရားကို ယုံရင် ငါတို့လိုချင်တာ ဘုရားကို လုပ်ခိုင်းလို့ရမယ်လို့ ဆိုလိုတာမဟုတ်ဘူး၊ ဘုရားကို ခိုင်းစားဖို့ မဟုတ်ဘူး။ ယေရှုဘုရားရှင် ဆိုလိုတဲ့ယုံကြည်ခြင်းက ဒါကို ပြောတာမဟုတ်ဘူး။ အဲလိုသာဆိုရင် ဘုရားက ငါတို့ရဲ့ကျွန် ဖြစ်သွားပြီပေါ့၊ ဟုတ်လား။

ယုံကြည်ခြင်းက ဘုရားကို ပြောင်းလဲစေတာမဟုတ်ဘူး၊ ယုံတဲ့လူကို ပြောင်းလဲစေတာပါ။ ဘယ်လိုပြောင်းလဲစေလိုက်တာလဲ၊ အရင်က အခက်အခဲလေး ကြုံတာနဲ့ မယုံကြည်တော့ဘူးလို့ ဆိုပြီး ယုံကြည်ခြင်းမှာ လက်လျှော့တတ်တဲ့လူကို ဘုရားက ပြောင်းလဲစေလိုက်တာပဲ၊ ဘယ်လိုဒုက္ခကြုံကြုံ သူက ပိုပြီးယုံကြည်တတ်လာပါတယ်။ ဘုရားကို ယုံကြည်တယ်ဆိုတာ "ငါတို့ကြိုက်တာကို ဘုရားကလုပ်ပေးဖို့ မဟုတ်ဘူး၊ ဘုရားကြိုက်တာကို ငါတို့လုပ်နိုင်စေတာပါပဲ။ ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ဧဝံဂေလိကျမ်းစာထဲက အစေခံလိုပဲ၊ ကိုယ့်အလုပ်ကို ကိုယ်လုပ်တာလောက်ပါပဲ။ ဘာမျှ ရေးကြီးခွင့်ကျယ်မရှိရပါဘူး။ အိမ်ရှင်က အိမ်ရှင်အလုပ် လုပ်၊ အစေခံက အစေခံအလုပ် လုပ်၊ ဒါပဲ။ အဲလို ကိုယ့်အလုပ်ကိုယ်စီလုပ်ကြရာမှာ အိမ်ရှင်က အစေခံကို ကျေးဇူးတင်ရအုံးမှာလားဗျာ။ ဒီလိုပဲ ကျနော်တို့လည်း ဘုရားအပေါ်မှာ ယုံကြည်ပြီး ဘုရားအလိုတော်ကို လုပ်လို့ ဘုရားက ခင်ဗျားကို ကျေးဇူးတင်နေရအုံးမှာလား။ ခင်ဗျားကတောင် ဘုရားကို ကျေးဇူးတင်ရအုံးမှာပါ၊ ဘုရားအလို/မှန်တာ/တရားတာ လုပ်ခွင့်ရလို့ ဘုရားကိုတောင် ကျေးဇူးတင်ရမှာပါ။ အမှန်မှာ ကိုယ့်ကိုယ်ကို သဘောထားရမှာက "ငါတို့ဟာ ဒီလောကမှာ

ဘုရားရဲ့အလိုတော်ကို လုပ်ဖို့အသက်ရှင်နေထိုင်နေတဲ့ ဘုရားရဲ့အစေခံလို့ သဘောထားမှ မှန်မယ်။ ဒါလုပ်လို့ / ငါ ကောင်းလို့/ ငါက ဘုရားကြိုက်တာလုပ်လို့ ဘုရားက ငါ့ကို ဒါပေးသင့်တယ်လို့ မယူဆရပါဘူး။ ဒါလုပ်နိုင်တာကိုက တကယ့်ကြီးမြတ်တဲ့ ဘုရားပေးတဲ့ဆုလာဘ်ပါပဲ။

အဲလို လူကမှန်မှန်ကန်ကန်နေတယ်။ ကောင်းတာကိုလုပ်တယ်ဆိုတဲ့လူက အမြဲစိတ်ကြည်တယ်။ ပျော်တယ်။ ဆန့်ကျင့်ခံရရင်တောင် စိတ်မပျက်ဘူး။ အပြုံးမပျက်ဘူး။ အဲဒီလိုဖြစ်လာတာ မထူးဆန်းနဲ့။ လူက မှန်ရာကိုလိုက်တယ်၊ သူ့ဩတ္တပ္ပစိတ်အတိုင်း လိုက်တယ်ဆိုတဲ့လူတွေက သူတို့ဘေးမှာ ဘုရားရှိနေတယ်လို့ အမြဲခံစားနေရတယ်၊ သူ ထောင်ထဲမှာ မတရားခံရခံရ သူနဲ့အတူ ဘုရားရှိတယ်ဆိုတာ သိသာခံစားရတယ်။ ဒါကြောင့် အမှန်တရား၊ တရားမျှတခြင်းအတွက် ထောင်ကျတဲ့သူတွေ သတ္တိရှိရှိ ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်နိုင်တာပေါ့။ သူသိတယ်။ သူက သူ့ကိုယ်သူ မလှည့်စားဘူး၊ ဘုရားအပေါ်လည်း သစ္စာရှိတာ သူသိတယ်။ သူ့ကိုယ်သူ မလှည့်စားဘူးဆိုတာက သူ့ဩတ္တပ္ပစိတ်အတိုင်း လိုက်တာကို ပြောတာ။ ဘုရားအပေါ် သစ္စာရှိတယ်ဆိုတာက ဘုရားရဲ့တရားတော်အတိုင်း တရားမျှတတာကို လုပ်တယ်၊ စိတ်ကောင်းထားတယ်၊ မယုတ်မာဘူး၊ ဒါကို ပြောတာ။ ဒါကြောင့် ဒီလိုလူက ဘယ်တော့မှ စိတ်ပျက်သွားမှာ မဟုတ်ဘူးလို့ ပြောတာပေါ့။

ယနေ့ ဖတ်ရတဲ့ ပထမကျမ်းရဲ့အဆုံးမှာ ဘာရေးထားသလဲ "ဖြောင့်မတ်သောသူသည်ကား သူ၏ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်" တဲ့။ သူယုံကြည်တဲ့အမှန်တရားအတိုင်း သေတဲ့အထိ သူနေမှာပဲ။ နောက်ပြီး အဲဒီကျမ်းစာထဲမှာပဲ ရေးထားတာက "မာနထောင်လွှားသောသူကို ကြည့်လော၊ သူ၌ဂုဏ်သိက္ခာမရှိ။" အဲဒါက အဆိုးဆုံးပဲ။ ဖြောင့်မတ်တဲ့လူကောင်းတစ်ယောက်က မတရားထောင်ချခံရင်ခံရမယ် ဒါပေမဲ့ ဂုဏ်သိက္ခာ ကြီးတယ်နော်။ ကောင်းတဲ့လူတိုင်းက သူ့ကို လေးစားချစ်ခင်ကြတယ်။ သူသေသွားရင်တောင် သူ့နာမည်ကောင်းက ဘယ်တော့မှ မသေဘူး။ အဲလိုလူရဲ့ယုံကြည်ခြင်းကတော့ ဘယ်တော့မှ မသေတဲ့ ယုံကြည်ခြင်းပါပဲ။ တကယ်ပဲ သူက ဘုရားကို ယုံကြည်စိတ်ချနိုင်တဲ့သူပဲ။

ယနေ့ ဖတ်ရတဲ့ကျမ်းစာတွေအားဖြင့် သိရတဲ့ယုံကြည်ခြင်းမျိုးကတော့ ကိုယ့်ဘက်က လုပ်နိုင်တာအကုန် ကျိုးစားလုပ်ပြီးရင် ကျန်တာကို ဘုရားလက်ထဲအပ်နှံဖို့ စိတ်ချစရာလိုပါတယ်။ ယနေ့ ဒုတိယကျမ်းစာမှာ ရှင်ပေါလူးက သူ့တပည့် တိမောသီ ကို ဘယ်လို ဆုံးမစကားပြောထားလဲ "ဘုရားသခင်၏တန်ခိုးတော်ကို အမှီပြု၍ ဧဝံဂေလိတရားတော်အတွက် ဆင်းရဲဒုက္ခကို မျှဝေခံထမ်းပါလော" တဲ့။ ဘုရားရဲ့တန်ခိုးတော်ကို အမှီပြုဖို့ ယုံရမယ်။ တစ်ချို့က ကိုယ်လုပ်နိုင်တာလုပ်ပြီးလို့ အမှားတစ်ခုခုရှိရင် ဒေါသပေါက်ကွဲတတ်တယ်။ ဒီလို အကြီးအကဲတွေက အလုပ်လုပ်တဲ့အခါ သူတို့လုပ်တဲ့အလုပ်ကို သူ့တို့လက်ထဲမှာပဲ ထားတတ်ကြတယ်။ ဒါကြောင့် ဒေါသ ပေါက်ကွဲတာ။ ဘုရားရဲ့လက်ထဲအပ်နှံပြီး အလုပ်လုပ်တဲ့လူက နားလည်ပေးတတ်တယ်၊ ခံယူတတ်တယ်။ ယုံကြည်တဲ့သူက ဘုရားဦးဆောင်လိမ့်မယ်ဆိုတာ ယုံတယ်၊ စိတ်ချတယ်။

ပထမကျမ်းစာထဲကလို ဘုရားက အချိန်တန်ရင် လုပ်လိမ့်မယ်/ပေးလိမ့်မယ်ဆိုတာကို

သူယုံတယ်။ ဒါပေမဲ့ မယုံတဲ့လူကတော့ အချိန်မစောင့်ချင်ဘူး။ အမှန်က တိုးတက်ဖွံ့ဖြိုးလာဖို့၊ ပြောင်းလဲလာဖို့ အချိန်လိုတယ်။

ယုံကြည်ခြင်းရှိတဲ့လူကလည်း ဆက်ပြီးယုံကြည်နိုင်ဖို့ ဘုရားကဘာဖြစ်စေချင်တာလဲဆိုတာ သင်ယူလေ့လာစရာလိုတယ်၊ ကျမ်းစာကို ဖတ်ကြည့်စရာလိုတယ်။ ဒါကြောင့် ရှင်ပေါလူးက တိမောသိကို "ငါ့ထံမှ သင် ကြားနာခဲ့ရသည့် မှန်ကန်သောအယူဝါဒနှင့်အတူ ခရစ်တော်၌ တည်ကြည်သောယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ကို လိုက်နာကျင့်ကြံလော" တဲ့။ ဒီလို ယုံကြည်တဲ့အတိုင်း ကျင့်ကြံနေထိုင်နိုင်ဖို့က ဝိညာဉ်တော်ဘုရားထံမှ အားတန်ခိုး ကျေးဇူး လိုအပ်လှပါတယ်။ ဒါမှ ယုံကြည်ခြင်းကြောင့် စိတ်ပျက်စရာကြုံလာတိုင်း ခွန်အားနဲ့ ဆက်ယုံနိုင်မှာပါ။ "ငါတို့တွင် ကိန်းအောင်းသည့် ဝိညာဉ်တော်မြတ်အားဖြင့် သင့်အားအပ်ထားသော သမ္မာတရားတော်ကို ထိမ်းသိမ်းစောင့်ရှောက်လော့"

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။